


Felicity Brooks
and Mar Ferrero

# All About Friends

### သားငယ် သမီးငယ်တို့
### သိထားဖို့

# သူငယ်ချင်းတွေ
# အကြောင်း

## ဒေါက်တာခင်

၊ မြန်မာပြန်ဆိုသည် ၊

ကလေးများအတွက် သူငယ်ချင်းတို့အကြောင်း
သိကောင်းစရာများကို
ရုပ်ပုံများနှင့်တကွ ဖော်ပြပေးထားသည်။



mgyoe.com SAMPLE BOOK

mgyoe.com SAMPLE BOOK

Felicity Brooks
and Mar Ferrero

# All About Friends

သားငယ် သမီးငယ်တို့
သိထားဖို့

# သူငယ်ချင်းတို့ အကြောင်း



ဒေါက်တာခင်
၊ မြန်မာပြန်ဆိုသည် ၊

ဘာကြောင့် သူငယ်ချင်းတွေကို လိုအပ်တာလဲ။
ဘယ်လိုမိတ်ဖွဲ့မလဲ။
ဘာက သူငယ်ချင်းကောင်း ဖြစ်စေတာလဲ။
သူငယ်ချင်းတွေ အတူတူ ဘာလုပ်နိုင်လဲ ဆိုတာကို
ဒီစာအုပ်မှာ ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီး
ရှင်းပြပေးထားပါတယ်။

mgyoe.com

ISBN 9789997137586
DRK6
9 789997 137586
MMK 8,500.00

mgyoe.com SAMPLE BOOK

F-IB

mgyoe.com

mgyoe.com
SAMPLE BOOK



Felicity Brooks
and Mar Ferrero

# All About Friends

သားငယ် သမီးငယ်တို့
သိထားဖို့

# သူငယ်ချင်းတို့ အကြောင်း

ဒေါက်တာခင်
၊ မြန်မာပြန်ဆိုသည် ၊

ကလေးများအတွက် သူငယ်ချင်းတို့အကြောင်း
သိကောင်းစရာများကို
ရုပ်ပုံများနှင့်တကွ ဖော်ပြပေးထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**
ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ (၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ဖြ-လွှာ(က)၊ ဗဟိုဂုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။

■

**ပုံနှိပ်သူ**
ဦးသန်းဌေးဇော်၊ သိန်းသန်းဇော်ပုံနှိပ်တိုက် (၀၀၁၀၁)
၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။
၂၀၂၁၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

mgyoe.com

mgyoe.com SAMPLE BOOK

## သားငယ် သမီးငယ်တို့ သိထားဖို့

# သူငယ်ချင်းတွေ့အကြောင်း




mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၄-၅ သူငယ်ချင်းဆိုတာ ဘာလဲ

၆-၇ ဘာကြောင့် သူငယ်ချင်းတွေ လိုအပ်တာလဲ

၈-၉ ဘယ်အရာက သူငယ်ချင်းကောင်းတွေ ဖြစ်စေတာလဲ

၁၀-၁၁ ဘယ်သူတွေက သူငယ်ချင်းတွေ ဖြစ်နိုင်သလဲ

၁၂-၁၃ မိတ်ဆွေဖွဲ့ခြင်း

၁၄-၁၅ သူငယ်ချင်းများနဲ့ အတူတကွ

၁၆-၁၇ မတူညီသော ပေါင်းသင်းဆက်ဆံရေး အုပ်စုများ

၁၈-၁၉ သူငယ်ချင်းတွေ ဝေးဝေးရှောင်စေမယ့်ပုံစံများ

၂၀-၂၁ သူငယ်ချင်းများ သဘောကွဲလွဲကြတဲ့အခါ

၂၂-၂၃ သူငယ်ချင်းများနဲ့ ခံစားချက်များ

၂၄-၂၅ မျှမျှတတ ကစားခြင်း

၂၆-၂၇ အကြောင်းကိစ္စကို ဖြေရှင်းရန် နည်းလမ်းများ

၂၈-၂၉ ပြောင်းလဲခြင်းနဲ့ ကြီးထွားခြင်း

၃၀ သူငယ်ချင်း ဆက်ဆံရေးအတွက်
ဉာဏ်စမ်းပဟေဠိ ဖြေကြည့်ပါ

၃၁-၃၃ လူကြီးမိဘ၊ ဆရာ၊
အုပ်ထိန်းသူများအတွက် အမှာစကား





ဖရန်ဆက်စတာနဲ့ အိုလီဗီယာ

mgyoe.com

mgyoe.com

SAMPLE BOOK



ချာလီနဲ့ မာဆယ်လ်



အော်တိုနဲ့ ရှူးဖက်စ်

# All About Friends

## သားငယ် သမီးငယ်တို့ သိထားဖို့

# သူငယ်ချင်းတွေအကြောင်း



ထာဝရသူငယ်ချင်း



## ဒေါက်တာခင်

၊ မြန်မာပြန်ဆိုသည် ၊

Felicity Brooks


Illustrated by Mar Ferrero

Designed by Frankie Allen










mgyoe.com

# သူငယ်ချင်းဆိုတာ ဘာလဲ

mgyoe.com SAMPLE BOOK

တစ်ယောက်တည်း နေရတာက ပျော်စရာကောင်းတာတွေလည်း ရှိပါတယ်။ ကစားချင်တာ ကစားလို့ရတယ်။ သူများကို အရုပ်တွေ ပေးကစားစရာ မလိုတော့သလို မုန့်လည်း ဝေစားစရာ မလိုပါဘူး။

ဒါပေမဲ့ တချို့အရာတွေက တစ်ယောက်တည်းဆိုရင် သိပ်ပျော်စရာ မကောင်းပါဘူး။




သူငယ်ချင်းတွေဆိုတာက အရာအားလုံးကို ဝေမျှလုပ်ဆောင်ကြပါတယ်။ ဘယ်လိုအရာတွေလဲဆိုတော့...




. . . အရုပ်တွေ




. . . ကစားနည်းတွေ




. . . စားစရာတွေ




. . . ခံစားချက်တွေ




. . . လှို့ဝှက်ချက်တွေ

mgyoe.com

mgyoe.com
SAMPLE BOOK







သူငယ်ချင်းတွေဟာ
တူညီတဲ့အရာတွေကို
လုပ်ဆောင်ရင်း
ပျော်ရွှင်ကြတယ်။

သူငယ်ချင်းတွေဟာ
တစ်ယောက်နဲ့ တစ်ယောက်
တွေ့ခွင့်ရဖို့
စောင့်စားနေကြတာ

သူတို့ဟာ တစ်ယောက်ကို
တစ်ယောက် ကူညီပေးပြီး
တစ်ယောက် ပြောစကားကို
တစ်ယောက် နားထောင်ပေး
ကြတယ်။




သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက်
ချိုသာကောင်းမွန်တဲ့ စကားတွေ
ပြောပေးကြတယ်။

တစ်ယောက်ကိုတစ်ယောက်
ရယ်မောရအောင်
လုပ်ပေးတယ်။

ဘာ့ သူတို့ဟာ တစ်ယောက်ကို
တစ်ယောက် အရှိအတိုင်း
သဘောကျကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့ အဓိကအကျဆုံးကတော့ သူငယ်ချင်းတွေဟာ တစ်ယောက်ကိုတစ်ယောက် ပျော်ရွှင်အောင် လုပ်ပေးတာပါပဲ။ သူတို့က သားသားမီးမီးတို့အပေါ် ကောင်းပေးပြီး အတူတူ ကစားချင်တယ်ဆိုရင် ဘယ်လိုကလေးမျိုးမဆို မင်းတို့ရဲ့ သူငယ်ချင်း ဖြစ်နိုင်ပါတယ်။

mgyoe.com

# ဘာကြောင့် သူငယ်ချင်းတွေ လိုအပ်တာလဲ

mgyoe.com SAMPLE BOOK

ဟိုးရှေးရှေးတုန်းက ဈေးဆိုင်တွေ မရှိခင်တုန်းကပေါ့။ သားတို့သမီးတို့ အစာနဲ့ ရေကို ရှာဖွေရာမှာ သူငယ်ချင်းတွေက အများကြီး ကူညီပေးကြတယ်။ လူတွေ အရင်ဆုံး မိတ်ဆွေဖွဲ့ရခြင်းဟာ အဲဒါကြောင့် ဖြစ်မယ် ထင်ပါတယ်။




သူငယ်ချင်းတစ်ယောက်ဟာ သားတို့သမီးတို့ကို ဘေးအန္တရာယ် ကင်းဝေးအောင်လည်း ကူညီပေးနိုင်ပါတယ်။




ပြီးတော့ သူငယ်ချင်းတွေက ကျွန်ုပ်တို့ကို ဆက်လက်ကူညီဆဲ . . .




.... ပြီးတော့ ဘေးအန္တရာယ်ကင်းအောင်လည်း ဆက်လက်ကူညီဆဲပါပဲ။






mgyoe.com
F-3B

သူငယ်ချင်းကောင်းတွေဟာ တခြားအရာ အများကြီးကိုလည်း လုပ်ပေးပါတယ်။
သူတို့ဟာ အကြောင်းကိစ္စတွေ သင်ယူတတ်အောင် ကူညီပေးပြီး
မိမိကိုယ်ကို ကျေနပ်နှစ်သိမ့်မှု ရှိအောင်လည်း လုပ်ပေးပါတယ်။

mgyo.com SAMPLE BOOK

သူတို့ဟာ ကလေးတို့တွေ . . .



အတူတကွ အလုပ်လုပ်တတ်အောင်

မျှဝေပေးတတ်အောင်နဲ့ သူ့အလှည့် ကိုယ့်အလှည့်ထားပြီး လုပ်တတ်အောင်

တခြားလူတွေရဲ့ ခံစားချက်ကို တွေးပေးတတ်အောင်



အတူတူ ကောင်းကောင်းမွန်မွန် ကစားတတ်အောင်

တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ နေတတ်အောင်


အမှားလုပ်မိတဲ့အခါ တစ်ယောက်ကို တစ်ယောက်က
ခွင့်လွှတ်တတ်အောင်

. . . သင်ယူဖို့ ကူညီပေးပါတယ်။



သူငယ်ချင်းတွေဟာ တစ်ယောက်ကိုတစ်ယောက်
စိတ်ရွှင်လန်းအောင် အားပေးပါတယ်။

သူတို့ဟာ ငြီးငွေ့ပျင်းခြောက် မနေရအောင်
လုပ်ပေးတယ်။



မမြင်ခဲ့မိတဲ့အရာတွေကို ရှာတွေ့စေတယ်။

ခက်ခဲတဲ့အရာတစ်ခုခု လုပ်စရာရှိလာတဲ့အခါ
သူတို့က အားပေးပါတယ်။

သူငယ်ချင်းတွေရှိတာ ဘာကြောင့် ကောင်းရသလဲဆိုတဲ့ တခြားအကြောင်းပြချက်တွေကို သားတို့သမီးတို့ စဉ်းစားမိတာ ရှိပါသလား။ ရှိတယ်ဆိုရင် အဲဒီအချက်တွေကို ချရေးပြီး ရုပ်ပုံလေးတွေကိုလည်း ဆွဲကြည့်ပါနော်။

mgyo.com

# ဘယ်အရာက သူငယ်ချင်းကောင်းတွေ ဖြစ်စေတာလဲ

ပြီးပြည့်စုံတဲ့ သူငယ်ချင်းဆိုတာမျိုးကတော့ မရှိပါဘူး။ ဒါပေမဲ့ ဒီအရာတွေကို အများအားဖြင့် လုပ်ဆောင်ကြတယ် ဆိုရင်တော့ သူငယ်ချင်းကောင်းတွေ ဖြစ်နိုင်ပါတယ်။




ဘာကစားရမလဲဆိုတာကို အားလုံးနဲ့အတူတူ သဘောတူပေးတယ်။

တစ်ယောက်တစ်လှည့် ကစားကြတယ်။







မေးခွန်းတွေ မေးတယ်။ ပြီးတော့ အဖြေကို နားထောင်တယ်။




သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ချိုသာကောင်းမွန်တဲ့စကားတွေ ပြောပေးကြတယ်။




တစ်ယောက် ပြဿနာကို တစ်ယောက်က ကူညီဖြေရှင်းပေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



တစ်ယောက် ညှိုးငယ်နေတဲ့အချိန်မှာ
တစ်ယောက်က ကူညီပေးတယ်။




တစ်ယောက်ကိုတစ်ယောက်
စာနာညှာတာ ပေးကြတယ်။






တစ်ယောက်ယောက်က မစာမနာ
ပြောဆိုဆက်ဆံလာတဲ့အခါ တစ်ဦးအတွက်
တစ်ဦးက ရပ်တည်ပေးကြတယ်။




စကားများ ရန်ဖြစ်ပြီးတဲ့အခါ
ပြန်အဆင်ပြေအောင်လုပ်ဖို့
နည်းလမ်းရှာကြတယ်။




တွေ့ရတာ ဝမ်းသာကြောင်းကို ပြတယ်။

ရှိတာကို ဝေမျှပေးတယ်။

ဘယ်အရာတွေက သူငယ်ချင်းကောင်း ဖြစ်စေတယ်လို့ ထင်ပါသလဲ။ သားတို့သမီးတို့မှာ သူငယ်ချင်း ရှိတယ်ဆိုရင် သူနဲ့ပတ်သက်ပြီး ကောင်းတဲ့အချက် သုံးခုလောက် စဉ်းစားလို့ ရပါသလား။

mgyoe.com

# ဘယ်သူတွေက သူငယ်ချင်းတွေ ဖြစ်နိုင်သလဲ

mgyoe.com SAMPLE BOOK

လူသားအားလုံး သူငယ်ချင်းတွေ ဖြစ်နိုင်ပါတယ်။
သူငယ်ချင်းတွေဆိုတာ . . .



အသက်ငယ်ချင်ငယ်မယ်



အသက်ကြီးချင်ကြီးမယ်



အရွယ်မရွေးဘဲ လူမျိုးပေါင်းစုံလည်း ဖြစ်နိုင်ပါတယ်။

သူငယ်ချင်းတွေဆိုတာက . . .




ရှည်တဲ့သူ　ပုတဲ့သူ　ကြီးသူ　ငယ်သူ　ဟောင်ဖွာဟောင်ဖွာ ပြောသူ　စကားနည်းသူ





ပျော်တတ်သူ　အလေးအနက်ထားသူ　အလုပ်များသူ　အေးဆေးသူ

ကစားခုန်စားကြိုက်သူတွေလည်း ဖြစ်နိုင်ပါတယ်။

mgyoe.com
F-4B

mgyoe.com SAMPLE BOOK





တချို့က အရောင်တောက်တောက်တွေ ကြိုက်တယ်။

တချို့က အနက်ရောင် ကြိုက်တယ်။

တချို့က အိမ်မွေးတိရစ္ဆာန်တွေကို သဘောကျပြီး...

တချို့က သဘောမကျဘူး။




တချို့က ဒိုင်နိုဆောတွေကို အရမ်းအရမ်းသဘောကျတယ်။

တချို့ကျတော့လည်း လုံးဝသဘောမကျဘူး ...

... တချို့ကတော့ ဒိုင်နိုဆောပဲ ဖြစ်ချင်နေကြတာ။

သူငယ်ချင်းတွေဟာ ရွယ်တူတန်းတူ ဖြစ်နိုင်တယ်။

အရွယ်မတူတာ ဖြစ်နိုင်တယ်။

ပြီးတော့ နေရာအမျိုးမျိုးကလည်း ဖြစ်နိုင်တာပဲ။



သားတို့သမီးတို့မှာ ဘိုးဘိုးဘွားဘွားတွေရှိရင်၊ ဒါမှမဟုတ် အသက်ကြီးတဲ့လူတစ်ယောက်ယောက်ကို သိရင် သူတို့ရဲ့သူငယ်ချင်းတွေအကြောင်း မေးကြည့်ပါ။ သူတို့သူငယ်ချင်းဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်လိုဆုံတွေ့ခဲ့ကြတာလဲပေါ့။

mgyoe.com